# မြေစာရင်းပုံစံ(၁၀၅/ ၁၀၆) ရေးကူးခွင့်လျှောက်ထားရာတွင် ဆောင်ရွက်ပေးရသည့် လုပ်ငန်းစဉ် အဆင့်ဆင့်

- လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနအနေဖြင့် မြေစာရင်းပုံစံ(၁၀၅)၊ သက်သေခံ မြေပုံ၊ မြေစာရင်းပုံစံ(၁၀၆)၊ (ဦးပိုင်တစ်ခု၏ရာဇဝင်)တို့အား တည်ဆဲနှစ်အတွင်း အသုံးပြုလျက်ရှိသည့် စာရင်းမြေပုံတို့အားအခြေခံ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ရေးကူးဆောင်ရွက်ပေးလျက်ရှိပါသည်။
- မြေစာရင်းပုံစံ(၁၀၅/၁၀၆)ရရှိလိုသူသည် ဦးစွာလျှောက်လွှာဖြစ်သည့် မြေစာရင်းပုံစံ(၁၀၃)ဖြင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူးထံ လျှောက်ထားရပါမည်။
- လျှောက်ထားသူအနေဖြင့် ရေးကူးခွင့်ရရှိလိုသည့် ဦးပိုင်/မြေကွက်၏ အကြောင်းအရာအချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ရေးသွင်းဖော်ပြရပါမည်။
- ထို့ပြင် ရေးကူးလိုသည့်အကြောင်းအရာကို တိကျစွာဖော်ပြရပါမည်။ (ဥပမာ - စာချုပ်စာတမ်းမှတ်ပုံတင်ရန်/ တရားရုံးသက်သေခံတင်ပြရန်/ အနားလေးရပ်မြေတိုင်းတာပေးရန် စသည်)
- လျှောက်လွှာတွင် ပိုင်ဆိုင်သူ (သို့) သက်ဆိုင်သူ ကိုယ်တိုင်လျှောက်ထားလျှင် ပိုင်ဆိုင်ကြောင်း (သို့) တနည်းနည်းဖြင့် သက်ဆိုင်ကြောင်း အထောက်အထားများ ကိုယ်စားလှယ်ဖြစ်ပါက တရားဝင်ကိုယ်စားလှယ်လွှဲစာကို ပူးတွဲတင်ပြရပါမည်။
- သာသနာမြေဖြစ်ပါက ကျောင်းထိုင်ဆရာတော် (သို့) ဂေါပကအဖွဲ့မှ လျှောက်ထားရပါမည်။
- အငြင်းပွားနေသောမြေများဖြစ်ပါက သက်ဆိုင်ရာ တရားရုံး၏ အပြီးသတ်အမိန့်ဒီဂရီ ဆုံးဖြတ်ချက် ပူးတွဲဖော်ပြရပါမည်။
- လျှောက်ထားချက်ကို လက်ခံရရှိပါက လျှောက်ထားမြေနှင့်သက်ဆိုင်သည့် အုပ်စုမြေတိုင်း စာရေးမှ မြေပြင်ကွင်းဆင်းတိုင်းတာစိစစ်၍ သက်ဆိုင်ရာ လက်ထောက်ဦးစီးမှူးအား ထပ်မံ ကွင်းဆင်းစိစစ်စေခြင်း၊
- ထိုသို့ ကွင်းဆင်းစိစစ်ချက်နှင့် စာရင်းမြေပုံ တိုက်ဆိုင်စိစစ်ချက်မှန်ကန်ပါက မြို့နယ်ဦးစီးဌာနမှူးထံ ရေးကူးခွင့်ပြုနိုင်ရေး တင်ပြဆောင်ရွက်ခြင်း၊
- မြို့နယ်ဦးစီးဌာနမှူးမှ မိတ္တူရေးကူးခွင့်ပြုပါက လျှောက်ထားသူအနေဖြင့် ဌာန၏ တရားဝင်သတ်မှတ်နှုန်းထားများအတိုင်း စာရင်းမြေပုံမိတ္တူရေးကူးခ၊ မြေတိုင်းတာခများပေးသွင်း ဆောင်ရွက်စေ ခြင်း၊
- မိတ္တူရေးကူးခများ နိုင်ငံတော်သို့ တရားဝင်ပေးသွင်းဆောင်ရွက်ပြီးပါက စတင်လျှောက်ထားသည့် နေ့မှစ၍ (၁၅)ရက်အတွင်း လျှောက်ထားသူထံ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မိမိတို့ ဌာနမှ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန

C:\Users\Ko Ko Aung\Desktop\Website Update 2023\DALMS\Website Myanmar.docx